ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း
# National Community Driven Development Project
# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
## Village Development Plan (VDP)
အစဲကျေးရွာ၊ အစဲကျေးရွာအုပ်စု

၂၀၁၇ခုနှစ်                                                    ကျောက်တန်းမြို့

မာတိကာ


၁။ကျောက်တန်းမြို့နယ်မြေပုံ...........................................................................................၂

၂။ အစဲကျေးရွာအုပ်စုမြေပုံ...........................................................................................၃

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း ..............................................၄

၄။ကျေးရွာအခြေခံအချက်အလက်များ ..........................................................................................၄

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် ................၅

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ..၇

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ .................၂၀

၈ကျေးရွာကော်မတီဝင်များစာရင်း.......................................................................................၂၁


၉။ပုံစံ-၁။ကျေးရွာအချက်အလက်.......................................................................................၂၂

၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ...........................................................................၂၅


၁၁။အစည်းအဝေးမှတ်တမ်းများ ..........................................................................................၂၈

၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP).........................................၃၃

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရန်ကုန်မြစ်
မုတ္တမပင်လယ်ကွေ့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ အစဲကျေးရွာအုပ်စုမြေပုံ



အစဲကျေးရွာအုပ်စု အကွက်ချပြမြေပုံ
N
W
E
S
ညွှန်ပြချက်
ရပ်ကွက်နယ်နမိတ်
အိမ်ကွက်မြေကွက်ခြံကွက်
လမ်း
စေတီ
ဘုန်းကြီးကျောင်း
အုပ်ချုပ်ရေးရုံး
ရေကန်
မြစ်ချောင်း
တံတား
ဆေးပေးခန်း
စာသင်ကျောင်း

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ

၁။အစဲကျေးရွာ

၄။ ကျေးရွာအခြေခံအချက်အလက်များ

**၁။ ကျေးရွာသမိုင်းအကျဉ်း**

အစဲကျေးရွာကိုလွန်ခဲ့သောနှစ်ပေါင်းများစွာကတည်ခဲ့ပါသည်။ မွန်လူမျိုးများစတင်တည်ထောင်ခဲ့ပါသည်။ မွန်လူမျိုးများကရန်စဲဟုခေါ်တွင်ခဲ့သည်။နှစ်ပေါင်းများစွာရွေ့လျားလာသည့်အခါအစဲဟုပြောင်းလဲခေါ်တွင်ခဲ့ပါသည်။ အစဲကျေးရွာသည် ကျောက်တန်းမြို့မှ (၂၆)မိုင် ကွာဝေးပါသည်။ အစဲကျေးရွာအတွင်းတွင် ယခုအခါ ဗမာလူမျိုးများသာနေထိုင်ပါသည်။စတင်တည်ထောင်ခဲ့သော်အချိန်တွင်အိမ်ခြေ(၂၀၃)အိမ်ရှိပြီးအိမ်ထောင်စု(၂၅၅)ခန့်ရှိပါသည်။ယခုအချိန်တွင် အိမ်ခြေ(၄၃၂)ရှိပြီးအိမ်ထောင်စု(၆၆၉)ရှိပါသည်။ မိုးရွာသီတွင် ကျောက်တန်းမြို့သို့ ကုန်းလမ်းခရီး(ဆိုင်ကယ်၊ ကား) ဖြင့်သွားလာနိုင်ပြီးရေလမ်းခရီး(သင်္ဘော)ဖြင့် သွားလာနိုင်ပါသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအဖြစ် စပါးနှင့် ပဲတီစိမ်းတို့ကိုအဓိကစိုက်ပျိုးကြပါသည်။ မွေးမြူရေးအတွက် ဝက်၊ ကြက်၊ ဘဲ၊ ဆိတ် တို့ကိုမွေးမြူကြပါသည်။ ထို့ကြောင့် ဝင်ငွေ ရရှိမှုအသင့်အတင့် ရှိပါသည်။

ပညာရေးကိုအလေးထားသင်ကြားကြပါသည်။ ဗုဒ္ဓဘာသာကိုးကွယ်ကြပြီးဘာသာတရားကိုင်းရှိုင်းကြပါသည်။ တစ်ဦးနှင့်တစ်ဦးကူညီရိုင်းပင်း၍ စည်းလုံးကြပါသည်။

**၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု**

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | ၀ | ၀ | ၀ | ၀ |

**၄။ ထိခိုက်လွယ်အုပ်စု**

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၅၂ | ၄၀ | ၉၇ | ၁၃၇ |
| မြေယာမဲ့ | ၈၃ | ၉၂ | ၈၅ | ၁၇၇ |
| မသန်စွမ်း | ၆ | ၄ | ၂ | ၆ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
| --- | --- | --- | --- |
| စပါး | ကြက် | ဆန်စက် | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | ချေလှေ့စက် | ဆိုင်ကယ်ဂုပ်ရော့ |
| | ဆိတ် | ဈေးဆိုင် | |
| | ဘဲ | စပါးအရောင်းအဝယ် | |
| | | ပဲတီစိမ်းရောင်းအဝယ် | |

## ၆။ ကျေးရွာအတွင်းအဓိကပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
| --- | --- | --- | --- | --- | --- | --- |
| အရေအတွက် | ၄၈၄၄ | ၁.၃ | ၅ | မရှိ | ၁၅/၁၈ | ၃ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | အသေးစားဆည် | ဈေးဆိုင် |
| အရေအတွက် | ၈ | ၈၀ | ၄ | ၃ | - | ၁၂ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
| --- | --- | --- | --- | --- | --- |
| အရေအတွက် | ၂၅ | ၆၀ | ၄၀ | ၁၂ | ၈၀၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၁၂၅ | ၂၅၃ | ၃၂၆ | ၂၆၂ | ၅ |


## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
| --- | --- | --- | --- | --- | --- | --- | --- |
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၂၄-၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ ဝန်ထမ်း | ၁၄ | ၅ | ၁၉ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်းရေကန်များ၊သစ်တောများ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂၂-၁-၂၀၁၃ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ ဝန်ထမ်း | ၁၄ | ၅ | ၁၉ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက် | ၂၃-၁-၂၀၁၃ | ချမ်းသာ၊ အလယ်အလတ် ၊နွမ်းပါးအုပ်စုများ | ၂၇ | ၁၆ | ၄၃ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများသတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံ သုံးသပ်ချက် | ၂၂-၁-၂၀၁၃ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၁၄ | ၅ | ၁၉ | ကျေးရွာတွင်းရှိအဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၂၃-၁-၂၀၁၃ | အမျိုးသားများနှင့် အမျိုးသမီးများ | ၂၇ | ၁၆ | ၄၃ | အမျိုးသားများနှင့် အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှု နှင့်မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၂၃-၁-၂၀၁၃ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ ဝန်ထမ်း | ၂၇ | ၁၆ | ၄၃ | ကျေးရွာတွင်းရှိပိုင်ဆိုင်ထားသောအရင်းအမြစ်များအားသိရှိခြင်း |

### ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ

**၁။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။**



**သုံးသပ်ချက်**

လူနေထိုင်မှုပုံစံ

စီးပွားရေးအရအဆင့်(၄)ဆင့်ရှိပြီးထိုသူများသည်ကျေးရွာနေရာအနှံ့အပြားတွင်နေထိုင်ကြပါသည်။

ရွာတွင်းလမ်းနှင့်အခြားရွာများသို့ဆက်သွယ်ထားသောလမ်းများသည်ကွန်ကရစ်လမ်းများ ဖြစ်ကြပါသည်။ မိုးရာသီ၊ နွေရာသီ၊ ဆောင်းရာသီတို့တွင်သွားလာရလွယ်ကူပါသည်။

ကျန်းမာရေးအတွက်ဆေးပေးခန်းတစ်ခုရှိပါသည်။ ဆေးကုသမှုခံယူရန်အတွက် အစဲကျေးရွာနှင့် (၂)ဖာလုံကွာဝေးသောမင်္ဂလွန်းကျေးရွာရှိဆေးပေးခန်းသို့သွားရောက်၍ ဆေးကုသမှုခံယူရပါသည်။


ပညာရေးအတွက် အခြေခံပညာအလယ်တန်းကျောင်းခွဲရှိပါသည်။ စာသင်ကျောင်း၏ စာသင်ခန်းကြမ်းခင်းများညီညာမှုမရှိသဖြင့် ကျောင်းသား/သူများပညာသင်ယူရန် အခက်အခဲဖြစ်နေသောကြောင့် ပြုပြင်ရန်လိုအပ်ပါသည်။ ကျောင်းသား/သူများသောက်သုံးရန်အတွက် သန့်ရှင်းသောသောက်သုံးရေရရှိရန် စက်ရေတွင်းများတူးဖော်ရန်လိုအပ်ပါသည်။

အစဲကျေးရွာတွင် သောက်သုံးရေအတွက် မြေသားရေကန်နှင့် စက်ရေတွင်းများမှ ရေကိုအသုံးပြုကြပါသည်။တစ်နှစ်ပတ်လုံးအတွက် သောက်သုံးရေလုံလောက်မှုရှိပါသည်။ ရွာ၏အလယ်တွင်ချောင်းရှိပါသည်။ရွာပတ်လည်တွင် လယ်ယာမြေများရှိပါသည်။

စီးပွားရေးတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအဖြစ် စပါးနှင့် ပဲတီစိမ်းတို့ကိုအဓိကစိုက်ပျိုးကြပါသည်။ အခြားဟင်းသီးဟင်းရွက်နှင့် ကွမ်းပင်တို့ကိုလည်းအသင့်အတင့် စိုက်ပျိုးရောင်းချပါသည်။ လမ်းပန်းဆက်သွယ်ရေးအတော်အသင့် ကောင်းမွန်သောကြောင့် ကုန်သွယ်စီးဆင်းမှုနှင့် လူမှုရေး၊ ပညာရေးတို့အတွက်အဆင်ပြေပါသည်။

ရွာတွင်ဘုန်းတော်ကြီးကျောင်း(၃)ကျောင်းနှင့် ဓမ္မာရုံ(၁)ခုရှိပါသည်။ဆက်သွယ်ရေးတာဝါတိုင်(၁)တိုင်၊ မိခင်နှင့်ကလေးမူကြိုကျောင်း(၁)ကျောင်းနှင့် စာကြည့်တိုက်(၁)တစ်ခုရှိပါသည်။ မူကြိုကျောင်းတွင် (၅)နှစ်အောက်ကလေးများကိုပညာသင်ကြားပေးပါသည်။

**၂။ သစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက်။**


ဥစ္စာဓနကြွယ်ဝမှု


အစဲကျေးရွာ အုပ်စုအစဲကျေးရွာ ၂၃.၁.၂၀၁၇

| စဉ် | အမျိုးအစား | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ချမ်းသာ | ထွန်စက်၊ ကား၊ ဆန်စက်၊ လယ်(၅၀ဧကထက်)၊ တိုက်၊ ရိတ်စက်၊ မြေထွန်စက်၊ ဆိုင်ကယ်၊ ဖုန်း | ၅၀ | ၁၂% |
| ၂ | လူလတ်တန်းစား | လယ်(၂၀ဧကအောက်)၊ ထွေလာဂျီ၊ ဆိုင်ကယ်၊ ဖုန်း၊ ရွှေနားပန်၊ ဖုန်း၊ သွပ်မိုးအိမ်ကာ၊ | ၂၀၀ | ၄၆% |
| ၃ | နွမ်းပါး | ဖုန်း၊ ဓနိမိုးထရံကာ၊ လက်လုပ်လက်စား၊ စက်ဘီး၊ | ၁၀၀ | ၂၃% |
| ၄ | အလွန်နွမ်းပါး | ဓနိမိုးဓနိကာ၊ လက်လုပ်လက်စား၊ စက်ဘီး၊ ဖုန်း | ၈၂ | ၁၉% |
| | | | ၄၃၂ | ၁၀၀% |

## သုံးသပ်ချက်

အစဲကျေးရွာတွင် ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါးဟူ၍ လူမှုအဆင့် (၄)ဆင့်ရှိပါသည်။ ချမ်းသာသောအိမ်ထောင်စုများမှာ လယ်ဧက(၅၀)နှင့် အထက်၊ ကား၊ ထွန်စက်၊ ဆန်စက်၊ တိုက်အိမ်၊ စပါးရိတ်စက်၊ ဆိုင်ကယ်၊ ဖုန်း စသည့်ပစ္စည်းများ ပိုင်ဆိုင်ပြီး ကျေးရွာအိမ်ထောင်စု၏(၁၂%)ခန့် ရှိပါသည်။ အလယ်အလတ်အဆင့် အိမ်ထောင်စုများမှာ လယ်ဧက(၂၀)အောက်၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ ဖုန်း၊ ရွှေနွားပုံ၊ သွပ်မိုးပျဉ်ကာအိမ် စသည့်ပစ္စည်းများပိုင်ဆိုင်ပြီး ကျေးရွာအိမ်ထောင်စု၏ (၄၆%)ခန့်ရှိပါသည်။ နွမ်းပါးသောအိမ်ထောင်စုများမှာ ဓနိမိုး ထရံကာအိမ်၊ ဖုန်း၊ စက်ဘီး စသည့်ပစ္စည်းများကို ပိုင်ဆိုင်ပြီး လက်လုပ်လက်စားဖြင့် အသက်မွေးကြပြီး ကျေးရွာအိမ်ထောင်စု၏(၂၃%) ခန့်ရှိပါသည်။ အလွန်နွမ်းပါးသောအိမ်ထောင်စုများမှာ ဓနိမိုး ထရံကာအိမ်၊ စက်ဘီး၊ ဖုန်း စသည့်ပစ္စည်းများကို ပိုင်ဆိုင်ကြပြီး လက်လုပ် လက်စားဖြင့် အသက်မွေးကြပြီး ကျေးရွာအိမ်ထောင်စု၏(၁၉%) ခန့်ရှိပါသည်။ကျေးရွာအတွင်း နွမ်းပါးရခြင်းမှာလယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းမရှိဘဲ နေ့စားကျပန်းလုပ်ငန်းများလုပ်ကိုင်ရခြင်း ၊ ပညာအရည်အချင်းနည်းပါးရခြင်း ၊ အရင်းအနှီးမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



### သုံးသပ်ချက်

စိုက်ပျိုးရေးတွင်စပါးကို ဝါဆိုလမှစတင်၍စိုက်ပျိုးကြပါသည်။ တန်ဆောင်မုန်းလနှင့် တပေါင်းလများတွင်စပါးရိတ်သိမ်းပါသည်။ ပဲတီစိမ်းကို တန်ဆောင်မုန်းလတွင် စတင်စိုက်ပျိုးပြီး တပို့တွဲလတွင် ခူးယူပါသည်။

ကျန်းမာရေးနှင့်ပတ်သက်၍ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ ပြာသို၊ တပို့တွဲလများတွင် နာစေး၊ ချောင်းဆိုး၊ ရောဂါများဖြစ်ပွားတတ်ပြီး ကျန်လများတွင် ကျန်းမာရေးကောင်းမွန်ပါသည်။

ရာသီဥတုနှင့် ပတ်သက်၍ တစ်နှစ်ပတ်လုံး ပုံမှန်အနေအထားရှိပါသည်။ ရေလုပ်ငန်းများဖြစ်သော မျှောပိုက်နှင့်ဘဂင်းပိုက်ကို ဝါဆိုလမှ တော်သလင်းလအထိ လုပ်ကိုင်ပြီး ကျန်လများတွင်မူ လုပ်ကိုင်၍ မရပါ။

ပွဲတော်များမှာ တန်ခူးလတွင်သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ ဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ တော်သလင်းလတွင် ဘုရားပွဲ၊ သီတင်းကျွတ်လတွင် ဆီမီးပူဇော်ပွဲ၊ တပေါင်းလတွင် ဘုရားပွဲ စသည်တို့ကို ပြုလုပ်၍ ကျန်လများတွင် ပွဲတော်များပြုလုပ်ခြင်းမရှိပါ။

ကျေးရွာလူထုသည် တန်ခူး၊ တော်သလင်း၊ သီတင်းကျွတ်လများတွင် လယ်ယာလုပ်ငန်းများ မရှိသောကြောင့်အများအားဖြင့် အားလပ်ကြပါသည်။ ကျေးရွာတွင်း၌ သောက်သုံးရေနှင့် ပတ်သက်၍ ဖူလုံမှုရှိပါသည်။

မွေးမြူရေးနှင့် ပတ်သက်၍ ဝက်၊ ဆိတ်၊ ကြက်၊ နွားတို့ကို တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ စပါးရိတ်သိမ်းပြီးချိန်နှင့် ပဲတီစိမ်းများရိတ်သိမ်းပြီးချိန်တို့၌ ဝင်ငွေရရှိမှု အများဆုံးဖြစ်ပါသည်။ ဝင်ငွေနည်းပါးသောကာလများမှာ တန်ခူး၊ ကဆုန်၊ နယုန်လတို့ဖြစ်ကြပါသည်။

**၄။ဗင်းပုံစံ သုံးသပ်ချက်။**




**သုံးသပ်ချက်**

ကျေးရွာအတွင်းအဖွဲ့အစည်းများတွင်အုပ်ချုပ်ရေးအဖွဲ့သည်နာရေးကူညီမှုအသင်း၊ဂေါပကအဖွဲ့၊ကျေးရွာရပ်မိရပ်ဖအဖွဲ့၊မြစိမ်းရောင်အဖွဲ့၊ကြက်ခြေနီအဖွဲ့၊အမျိုးသမီးရေးရာအဖွဲ့၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့နှင့်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြပါသည်။ အမျိုးသမီးများ ၏ အခက်အခဲများကိုဖြေရှင်းပေးပါသည်။ ကျေးရွာလူထု၊ ဂေါပကအဖွဲ့သည် ကျေးရွာဘာသာရေး၊သာသနာရေးရေရှည်တည်တံ့ရန်ဆောင်ရွက်ကြပါသည်။ လျှပ်စစ်မီးလင်းရေးကော်မတီသည်ကျေးရွာ၏ လျှပ်စစ်မီးများ ကောင်းမွန်စေရန်အတွက်မြို့နယ်နှင့်ချိတ်ဆက်ဆောင်ရွက်ပါသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းဖြစ်သော မြို့နယ်ရဲတပ်ဖွဲ့၊မြို့နယ်အားကစားအဖွဲ့၊ လဂဂကအဖွဲ့၊စိုက်ပျိုးဌာန၊ဆည်မြောင်းဦးစီးဌာန၊စိုက်ဘဏ်၊မြေစာရင်း၊ပညာရေးဦးစီးဌာန၊မြို့နယ်မီးသတ်အဖွဲ့၊မြို့နယ်ထွေအုပ်ကျေးရွာ အဖွဲ့အစည်းများနှင့် ကဏ္ဍအသီးသီးတွင် ချိတ်ဆက်ဆောင်ရွက်နေသည်ကိုလည်းတွေ့ရှိရပါသည်။ကျေးလက်ဦးစီးဌာနနှင့်မြစိမ်းရောင်သည် အပြန်အလှန် ချိတ်ဆက်နေပါသည်။စိုက်ဘဏ်နှင့်မြေစာရင်းသည် အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်နေပါသည်။

**၅။ ပင့်ကူအိမ် သုံးသပ်ချက်။**



## သုံးသပ်ချက်

**ဆုံးဖြတ်ချက်**

ကျေးရွာအတွင်းဆုံးဖြတ်ချက်များချရာတွင်အမျိုးသားများကအမျိုးသမီးများထက်ပို၍ဆုံးဖြတ်ချက်ချနိုင်သည်ကိုတွေ့ရှိရပါသည်။

**ဦးဆောင်နိုင်မှု**

ကျေးရွာ၏ဘာသာရေး၊လူမှုရေးအစရှိသည်တို့တွင်ရေးရိုးထုံးတမ်းအစဉ်အလာများအရအမျိုးသားများသည် အမျိုးသမီးများထက်ပို၍ ဦးဆောင်နိုင်ခွင့် ရရှိသည်ကိုတွေ့ရှိရပါသည်။

**ဘဝလုံခြုံမှု** အမျိုးသမီးများသည် ခန္ဓာဗေဒနှင့် အခြားလူမှုရေးသတ်မှတ်ချက်များကြောင့် ဘဝလုံခြုံမှုတွင် အမျိုးသားများထက် လျော့နည်းနေသည်ကိုတွေ့ရှိရပါသည်။

**အိမ်မှုကိစ္စအပေါ်ဆောင်ရွက်မှု** ရေးရိုးအစဉ်အလာများကြောင့် အမျိုးသားများသည် အိမ်မှုကိစ္စတွင် ပါဝင်မှုအားနည်းသည်ကိုတွေ့ရပါသည်။များသောအားဖြင့်အမျိုးသမီးများကသာအိမ်မှုကိစ္စများကို အဓိကဆောင်ရွက်သည်ကိုတွေ့ရှိရပါသည်။


**ဝင်ငွေရရှိမှု** ကျေးရွာအတွင်းရှိအမျိုးသားများသည်အမျိုးသမီးများထက် ပို၍ ဝင်ငွေရရှိသည်ကိုတွေ့ရှိရပါသည်။


**ပညာရေး** အမျိုးသမီးများသည် အမျိုးသားများထက် ပို၍ အခွင့်အလမ်းများနေသည်ကိုတွေ့ရှိရပါသည်။

**အရင်းအမြစ်အသုံးပြုမှု** အမျိုးသားများနှင့် အမျိုးသမီးများ၏ အရင်းအမြစ်သုံးစွဲမှု ကွာခြားချက်အရအမျိုးသားများကပို၍ များနေသည်ကိုတွေ့ရှိရပါသည်။

**လူမှုရေးကိစ္စများတွင်ပါဝင်မှု**အမျိုးသမီးများသည် အိမ်မှုကိစ္စကဲ့သို့သောအခြားအလုပ်များဆောင်ရွက်နေရခြင်းကြောင့် အမျိုးသားများလောက် ပါဝင်နိုင်ခြင်းမရှိသည်ကိုတွေ့ရှိရသည်။

၆။ ပိုင်ဆိုင်မှု သုံးသပ်ချက်။






**သုံးသပ်ချက်**

**အသုံးပြုမှု** အမျိုးသားများသည် ကျေးရွာ၏ အရင်းအမြစ်များဖြစ်သောကား၊ ထွန်စက်၊ ခြွေလှေ့စက်၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ လယ်မြေစသည်တို့ကိုအများဆုံးအသုံးပြုပါသည်။အမျိုးသမီးများသည် ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော အပ်ချုပ်စက်၊ အိမ်၊ ခြံမြေ၊ ဈေးဆိုင်၊ ပန်းခင်း၊ ကောက်ရိတ် စသည်တို့ကို အများဆုံးအသုံးပြုပါသည်။အမျိုးသား၊ အမျိုးသမီးအတူတကွအသုံးပြုသော ကျေးရွာ၏ အရင်းအမြစ်များမှာ ဖုန်း၊ တီဗွီ၊ စက်ဘီး၊ ရေခဲသေတ္တာ၊ လမ်း စသည်တို့ဖြစ်ပါသည်။

**ထိန်းချုပ်မှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော ကား၊ ထွန်စက်၊ ခြွေလှေ့စက်၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ လယ်မြေ၊ အိမ်၊ ခြံမြေ၊ ဈေးဆိုင်၊ ပန်းခင်း၊ ကောက်ရိတ်စသည့် အရင်းအမြစ်များကို

အမျိုးသားများမှ ထိန်းချုပ်ထားပါသည်။ အပ်ချုပ်စက်အား အမျိုးသမီးများမှ ထိန်းချုပ်ထားပြီး အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးထိန်းချုပ်ထားသော အရင်းအမြစ်များမှာ စိုက်ပျိုးရေး လုပ်ငန်း၊ မိသားစုကိစ္စများနှင့် အခြားလက်ဝတ်ရတနာများ စသည်တို့ဖြစ်ပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာစီမံကိန်းမိတ်ဆက်အစည်းအဝေးများ ပြုလုပ်ရန် အတွက် အစည်းအဝေးများဖိတ်ကြားရာတွင် ကျေးရွာ၏ အိမ်ထောင်စု(၅၀)% အနည်းဆုံးတက်ရောက်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ တက်ရောက်ရာတွင်လည်းကျေးရွာတွင်းရှိအမျိုးသမီးများ၏အနည်းဆုံး(၅၀)% တက်ရောက်ရမည်ဖြစ်ကြောင်းကိုအုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖများကိုရှင်းလင်းပြောကြားသည်။ ထိုကဲ့သို့ တက်ရောက်မှသာအမျိုးသမီးများ၏ လိုအပ်ချက်၊ ထင်မြင်ချက်၊ အခွင့်အရေးများကိုဖော်ထုတ်နိုင်မည် ဖြစ်ကြောင်းရှင်းလင်းသည်။
စီမံကိန်းအတွက်လိုအပ်သောစီမံကိန်းအထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင်လည်းအမျိုးသမီး(၅၀)%ပါဝင်ရမည်ဖြစ်ကြောင်း၊ဆပ်ကော်မတီတိုင်းတွင်လည်းအနည်းဆုံးအမျိုးသမီး(၁)ဦးပါဝင်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်စဉ် ကာလတစ်လျှောက်လုံးတွင်လည်းအမျိုးသမီးများ၏ အခန်းကဏ္ဍကိုထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်းစသည်တို့ကိုရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထိုကဲ့သို့ ကဏ္ဍပေါင်းစုံ၌ အမျိုးသမီးများအားပါဝင်စေခြင်းဖြင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်များတိုးတက်လာမည်ဖြစ်ကြောင်း နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးများသည် အရေးကြီးကြောင်းဆွေးနွေးခဲ့ပါသည်။

**၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ**

**မေးမြန်းသည့်ရက်။** ရက်စွဲ - ၆.၂.၂၀၁၇

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအားကျား၊မရေးရာအခြေခံသဘောတရားများကိုရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သောကျား၊မရေးရာအကောင်အထည်ဖော်ရေးလိုအပ်ချက် (၅)ချက်ကိုရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေးအတွက် အသိပေးတိုက်တွန်းစည်းရုံးခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များပိုမိုထွက်ပေါ်လာအောင်ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့ များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့ စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |

| | | | | |
|---|---|---|---|---|
| ၆ | အစည်းအဝေးကိုအမျိုးသား/သမီးများအလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကိုအစည်းအဝေးမစတင်မှီအချိန်များကရှာဖွေဖော်ထုတ်ခဲ့တာမျိုးများရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများထဲမှ အချို့ကိုအစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုးရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကိုသင်ဆွေးနွေး မေးမြန်းခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများဆောင်ရွက်ခဲ့တာများရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသားအချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါကမှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံးအမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့်ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။**မဖွဲ့စည်းနိုင်ခဲ့ပါကမှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံးဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအားအမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သောဦးစားပေးရွေးချယ်မှုများကိုထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းအသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သောစီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသောလူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင် မည်ဖြစ်ကြောင်းရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကိုဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက်ကော်မတီဝင်များကိုကျား၊မရေးရာလိုအပ်ချက်များအကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက်ကော်မတီဝင်များအားလုံးတက်ရောက်နိုင်မှု ရှိ/မရှိစစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါကမှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသားအုပ်စုမှတ်တမ်းတင်ဓါတ်ပုံ။



ကော်မတီရွေးချယ်ခြင်းမှတ်တမ်းဓါတ်ပုံ



စေတနာ့ဝန်ထမ်းများရွေးချယ်ခြင်းမှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ

## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးသံလုံး | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်သင်းသင်းအေး | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးဌေးဝင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဒေါ်သန်းဌေး | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်မြင့်မြင့်နိုင် | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးတင်အေး | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဦးရိုန်မြင့် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်သဲသဲသူ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးအုံးဟန် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၁၀ | ဒေါ်စန်းနွဲ့ | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဒေါ်ဇင်မာဦး | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးစံသောင်း | ကျား | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၃ | ဒေါ်ဌေးကြည် | မ | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၄ | ဦးသောင်းရို | ကျား | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၅ | ဦးကျော်မိုး | ကျား | စေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်စန်းစန်းဌေး | မ | စေတနာ့ဝန်ထမ်း |
| ၁၇ | ဦးခင်ငွေ | ကျား | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၆) ယောက်ကျား (၉)ယောက် +မ (၈) ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

| | |
|---|---|
| ၁။ဦးခင်မောင်တင် | ဥက္ကဌ၊ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ |
| ၂။ဒေါ်သင်းသင်းအေး | ဥက္ကဌ၊ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ |
| ၃။ဦးသံလုံး | ဥက္ကဌ၊ ဘဏ္ဍာရေးဆပ်ကော်မတီ |
| ၄။ဒေါ်ခင်စန်းမော် | စာရင်းကိုင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ |
| ၅။ဒေါ်ဝင်းဝင်းမော် | အဖွဲ့ဝင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ |
| ၆။ဦးထွန်းထွန်းဝင်း | အဖွဲ့ဝင်၊ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ |
| ၇။ဒေါ်ခင်မော် | အဖွဲ့ဝင်၊ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ |
| ၈။ဦးအောင်ကိုဝင်း | အဖွဲ့ဝင်၊ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ |

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်မို့မို့အိဇာလင်း

ရာထူး - လူထုစည်းရုံးရေးမှူး

ရက်စွဲ - ၂၅ .၁.၂၀၁၇

၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| ***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးကျော်လွင် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09-971105160 | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်မိုးမိုးအောင် |
| ပြည်နယ်၊တိုင်းဒေသကြီး ရန်ကုန် မြို့နယ် ကျောက်တန်း | ကျေးရွာအုပ်စု - အလဲ | ကျေးရွာ - အလဲ |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၆၇၂ | ဘာသာ (၁) ဗုဒ္ဓ | ၆၇၂.၃ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၆ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၃၇ | | |
| စစ်ဘေးရှောင် | မရှိ | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၃၃၇ | ၁၃၆၈ |
| လူမျိုးစု (၁) ဗမာ | ၁၃၃၇ | ၁၃၆၈ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၅၉၂ | ၈၀ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| **စာသင်ကျောင်း** | အမှတ်ခြစ်ပါ | **ကျန်းမာရေး** | အမှတ်ခြစ်ပါ | **ဘာသာရေး အဆောက်အအုံများ** | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☑ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☑ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☑ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုပိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည် မရှိပါ မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--- ---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---- --- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်------ ---- ---------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ -- နဂါးဆီ ၊ ကောဆင်နှာ ဖေခင်းတိုက်

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျေးရွာအုပ်ချုပ်ရေးအဖွဲ့

(၂) မိခင်နှင့်ကလေးထိန်းအဖွဲ့

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည်

24.1.2017.

ကျေးရွာခေါင်းဆောင် အမည်

ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး
ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊
ကျောက်ဆန်းမြို့နယ်

လက်မှတ် နေ့စွဲ

လူထုစည်းရုံးရေးမှူး အမည် ဒေါ်မို့မို့အိအာလင်း

လက်မှတ် နေ့စွဲ 24.1.2017

## ၁၀။ ပုံစံ စ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်

### ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် ဒေါ်မိုမို အိကလင်း | | | |
| နေ့စွဲ 26-1-2017 | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း ( ၁ ) ☐ စက်ဝန်း ( ၂ ) ☐ စက်ဝန်း ( ၃ ) ☐ စက်ဝန်း ( ၄ ) | | |
| ပြည်နယ် / တိုင်း ရန်ကုန် | မြို့နယ် ကျောက်တန်း | ကျေးရွာအုပ်စု အခဲ | ကျေးရွာ - အခဲ |

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတတ်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖော်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျေးရွာတွင်း သွားလာရခက်ခဲခြင်း | ၁ | မိုးရာသီတွင် သွားလာရအခက်အခဲ |
| ၂ | ကျန်းမာရေးအခက်အခဲ | ၂ | ~~အခါခါ~~ ဆေးပေးခန်း၊ ကျန်းမာရေး အသိပညာ |
| ၃ | ပညာရေးအခက်အခဲ | ၃ | စက်ပစ္စည်း အခက်အခဲ |
| ၄ | လျှပ်စစ်မီးတိုင် အခက်အခဲ | ၄ | ~~[illegible]~~ ဖြေမှုရာ အခက်အခဲ |
| ၅ | ရေကန်ပြုပြင် အခက်အခဲ | ၅ | အလုပ်အကိုင်ရှားပါးခြင်း |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ မျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် | ၁ | လမ်းပန်း ဆက်သွယ်ရေးကောင်း မွန်လာစေရန် |
| ၂ | ပညာသင်ကြားနိုင်စေသည့် အခွင့်အလမ်းပိုမိုရရှိရန် | ၂ | ပညာရေးတိုးတက်လာစေရန် |
| ၃ | သောက်သုံးရေ ဖူလုံမှုရရှိရန် | ၃ | ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းရရှိရန် |
| ၄ | လျှပ်စစ်မီးတိုင်များ အသစ်လဲလှယ် | ၄ | ကျန်းမာရေးတိုးတက်ကောင်းမွန်လာစေရန် |
| ၅ | ရေကန်ပြုပြင်ရန် | ၅ | တံတားပြုပြင်ရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်းအစီစဉ်များ အားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁ | အောင်ချမ်းသာလမ်း | အမျိုးသား / အမျိုးသမီး | ၁၃၁၀၀၀၀၀ | ၁၃၆၈ |
| ၂ | ကန်ပတ်လမ်း (အရှေ့) | အမျိုးသား / အမျိုးသမီး | ၂၇၀၀၀၀၀ | ၁၃၆၈ |
| ၃ | ကန်ပတ်လမ်း (တောင်) | အမျိုးသား / အမျိုးသမီး | ၈၀၀၀၀၀ | ၁၃၆၈ |
| ၄ | စာသင်ကျောင်းပြုပြင်ခြင်း | အမျိုးသား / အမျိုးသမီး | ၁၅၀၀၀၀၀ | ၁၃၆၈ |
| ၅ | ဒေါ်နုကျောင်းလမ်း | အမျိုးသား / အမျိုးသမီး | ၄၀၀၀၀၀၀ | ၁၃၆၈ |
| ၆ | ရွာလယ်တံတား | အမျိုးသား / အမျိုးသမီး | ၄၀၀၀၀၀၀၀ | ၁၃၆၈ |
| ၇။ | သုသာန်လမ်း | အမျိုးသား / အမျိုးသမီး | ၈၆၀၀၀၀၀ | ၁၃၆၈ |
| ၈။ | လျှပ်စစ်တိုင်လဲ - အသစ် | အမျိုးသား / အမျိုးသမီး | ၄၅၀၀၀၀၀ | ၁၃၆၈ |
| ၉။ | ၁၅၀၀ ကွင်းတံတား | အမျိုးသား / အမျိုးသမီး | ၄၀၀၀၀၀၀ | ၁၃၆၈ |
| ၁၀။ | နတ်စင်လမ်း | အမျိုးသား / အမျိုးသမီး | ၁၂၀၀၀၀၀ | ၁၃၆၈ |
| ၁၁။ | ရေကန်ပြင် | အမျိုးသား / အမျိုးသမီး | ၂၀၀၀၀၀၀ | ၁၃၆၈ |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးမဖက်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ပညာသင်စရိတ်ထောက်ပံ့ | အမျိုးသား / အမျိုးသမီး | |
| ၂ | အခမဲ့ကျန်းမာရေး | အမျိုးသား / အမျိုးသမီး | |
| ၃ | ဆေးပေးခန်း | အမျိုးသား / အမျိုးသမီး | |
| ၄ | ဆိုလာပြား | အမျိုးသား / အမျိုးသမီး | |
| ၅ | မွေးမြူရေးနည်းပညာ | အမျိုးသား / အမျိုးသမီး | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်-ဒေါ်သင်းသင်းအေး လက်မှတ်-----သင်ါ------- နေ့စွဲ---26.1.2017---------

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ---------- အခဲကျေးရွာ
ကျေးရွာအုပ်စု ---------- အခဲကျေးရွာအုပ်စု
အစည်းအဝေးပြုလုပ်သည့်နေရာ ---------- ရွာလယ်ဘုန်းကြီးကျောင်း ဓမ္မာရုံ
အစည်းအဝေးပြုလုပ်သည့်နေ့ရက် ---------- 21. 1. 2017
အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ---------- လူထုဗဟိုပြုစီမံကိန်း မိတ်ဆက် ပထမအကြိမ် ကျေးရွာအစည်းအဝေး၊

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (171)ဦး ၊မ (180)ဦး= (351) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက်။ " ကျေးရွာလူထုမှ လူထုဗဟိုပြုစီမံကိန်း အကြောင်းသိရှိရန်နှင့် အဓိကတာဝန်၊ ဝတ္တရားများ သိရှိရန်နှင့် ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ်ရန် "

ဆွေးနွေးချက် ။ " ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်လွင်မှ အမှာစကားပြောကြားခြင်း၊ ကျေးရွာလူထုအား စီမံကိန်းအကြောင်း သိသင့်သည်များ ပြောကြားခြင်း၊ အခဲကျေးရွာတွင် အိမ်ခြေ (၄၃၂) ရှိ၍ ဘုန်းကြီးကျောင်း (၃) ကျောင်း၊ စာသင်ကျောင်း (၁) ကျောင်း ရှိသည်များ ပြောကြားခဲ့ပါသည်။ စည်းရုံးရေးမှူးမှ စီမံကိန်းနှင့် ပတ်သက်သည်များ၊ လူထုဗဟိုပြုစီမံကိန်း မိတ်ဆက် (၁၅) ချက်၊ စီမံကိန်းစက်ဝန်း အဆင့် (၁၄) ဆင့်၊ အပိုင်း (၆) ပိုင်း၊ လူထုဗဟိုပြုစီမံကိန်း၏ အဓိကပါဝင်သူများ၏ တာဝန်များ၊ စေတနာ့ဝန်ထမ်း ရွေးချယ်ခြင်း၊ စေတနာ့ဝန်ထမ်း ရွေးချယ်ရာတွင် အမျိုးသားများမှ ဦးဟံထွန်း၊ ဦးကျော်ခိုင်၊ ဦးလှခိုင်၊ အမျိုးသမီးများထဲမှ ဒေါ်စန်းစန်းမြေ၊ ဒေါ်မြမူ၊ ဒေါ်မြသီတာ တို့ကို အများဆုံးဖြင့် ကျေးရွာလူထုဆန္ဒဖြင့် စနစ်တကျဖြင့် ရွေးချယ်ပေးခဲ့

ရှိ ပါသည်။ အမျိုးသားများမှ ဦးကျောက်ဖိုး နှင့် အမျိုးသမီးများထဲမှ ဒေါ်ရှမ်းစန်းငွေ တို့ကို စေတနာ့ဝန်ထမ်း ရွေးချယ်ခဲ့ပါသည်။

ဆုံးဖြတ်ချက်။ ။ ကျေးရွာသူ၊ ကျေးရွာသားများကို သဘောတရား နားလည်အောင်ရှင်းလင်းဆွေးနွေးပြီး ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ်ရာတွင် အားလုံး၏ ဆုံးဖြတ်ချက်၊ သဘောတူညီချက်ဖြင့် ရွေးချယ်ခဲ့ပါသည်။ အစည်းအဝေးကို (၁၀) နာရီ မှစတင်၍ (၄) နာရီပြီးဆုံးအောင်လုပ်ခဲ့ရာတွင် ကျေးရွာလူထု သဘောဆန္ဒဖြင့် လုပ်ကိုင်ခဲ့ပါသည်။

မှတ်တမ်းတင်သူ

လက်မှတ် -

အမည် - ဦးခင်မောင်ဦး

ရာထူး - ကျေးရွာစာရေး

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီးကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ — အခဲ

ကျေးရွာအုပ်စု — အခဲ

အစည်းအဝေးပြုလုပ်သည့်နေရာ — ရွာလယ်ဘုန်းကြီးကျောင်းဓမ္မာရုံ

အစည်းအဝေးပြုလုပ်သည့်နေ့ရက် — 25 . 1 . 2017

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ — ဒုတိယ အကြိမ် အစည်းအဝေး ၊ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (154 )ဦး ။မ ( 149 )ဦး= (303) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက် ။ ။ ကျေးရွာတွင်း လုပ်ငန်းခွဲများ ထွက်ပေါ်ရန် နှင့် စီမံကိန်း အကောင်အထည်ဖော်ရန်အတွက် ကျေးရွာလူထုကို ရှင်းလင်းပြခဲ့ပါသည်။

ဆွေးနွေးချက် ။ ။ ကျေးရွာလူထု၏ အခက်အခဲပြဿနာများကို အမျိုးသားတစ်ဖွဲ့ ဆွေးနွေးခဲ့ပါသည်။ အမျိုးသမီးတစ်ဖွဲ့ ဆွေးနွေးခဲ့ပါသည်။ မျှော်မှန်းချက်များကိုလည်း ငါတို့ကျေးရွာကို နောက် ၅ နှစ် နေရာသည်သို့ မျှော်မှန်းချင်သလဲကို ရှင်းပြခဲ့ပါသည်။ အမျိုးသား / သမီးတစ်ဖွဲ့ဆီ စာရွက်ပေါ်တွင်ရေးချခဲ့ပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ်များကို အမျိုးသား / သမီးများက တစ်ဖွဲ့ဆီ တင်ပြခိုင်းပါသည်။ အချက်အလက်များကို တင်ပြပြီးသော် လုပ်ငန်းစီမံကိန်းနှင့် အသုံးဝင်ပုံ၊ ဖြစ်ပုံကို ရှင်းပြခဲ့ပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျား၊မ နှစ်ဦး အား တစ်ခုတစ်စီတည်း ပြန်လည်တင်ပြခဲ့ပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက်လည်း ကျေးရွာသူ / သားများအား ကျေနပ်မှုရှိ မရှိ မေးမြန်းခဲ့ပါသည်။ ရွာလူထုက ကျေနပ်သဖြင့် လုပ်ငန်းစဉ် (၂) ခုပေါင်း အားတစ်ခုတည်းပေါင်းပြီး မဲရွေးချယ်ခဲ့ပါသည်။ မဲရွေးချယ်ခဲ့ပြီး ရလာသော လုပ်ငန်းစဉ်အား စီမံကိန်းအတွက် စက်ဝန်းတစ်ခုစီကို အသေးစိတ်ကျကျ စီစဉ်ပေးရပါသည်။ ကျေးရွာလူထုကမဲပေးမှုဖြင့် အများဆုံးရရှိသူကို လုပ်ခဲ့သည်ခုသည်

ကိုကျေးရွာလူထုအား ဆွေးနွေးမေးမြန်းခဲ့ပါသည်။ ကျေးရွာ၏ ပွဲပြီး ရေးလုပ်ငန်း
စဉ်များ ရွေးချယ်ရာတွင် လုပ်ငန်း (၃၀၁) မျိုး တွက်ပါသည်။ (၁၀၁) ခု လုပ်ငန်းအား
လုပ်ပေးခဲ့သည်ဖြစ်၍ ကျန် လုပ်ငန်းများကို ရထားပါသည်။ ကော်မတီ ရွေးချယ်
ရာတွင် ကျေးရွာ၏ ၊ ထောက်ခံသူ (၂၁) ဦး အား ရွေးချယ်ရာတွင် ကျား (၃၁) ဦး
အဆိုပြုပြီး ဦးဆံထွန်း ၊ ဦးဖိုးလုံး ၊ ဦးတင်ဝင်း တို့ကို မဲစနစ်ဖြင့် ရွေးချယ်
ပြီး မဲအများဆုံး ဦးဖိုးလုံးကို ရွေးချယ်ခဲ့ပါသည်။ အမျိုးသမီးများမှ ဒေါ်မြင့်နိုင်
ဒေါ်သင်းသင်းမာ ၊ ဒေါ်ဆန်းဆန်းမြေ တို့ကို မဲစနစ်ဖြင့် ရွေးချယ်ပြီး ဒေါ်သင်းသင်းမာ
က မဲအများဆုံးဖြစ်၍ ရွေးချယ်ခဲ့ပါသည်။ ဝယ်ယူရေးကော်မတီတွင် အမျိုးသား
ဘက်မှ (၃၁) ဦး အဆိုပြုပြီး ဦးမြေဝင်း ၊ ဦးဟန်ထွန်း ၊ ဦးထွန်းဝင်း တို့ကိုအဆို
ပြုပြီး ဦးမြေဝင်းမှ မဲအများဆုံးဖြင့် တာဝန်ယူခဲ့သည်။ အမျိုးသမီးဘက်
မှ ဒေါ်မြင့်မြင့်နိုင် ၊ ဒေါ်သန်းသန်းမြေ ၊ ဒေါ်ခင်မာဦး ၊ ဒေါ်စန်းမြေ ၊ ဒေါ်ခင်မာတို့
ကိုအဆိုပြုပြီး ဒေါ်သန်းမြေ ၊ ဒေါ်မြင့်မြင့်နိုင် တို့ကို မဲအများဆုံးဖြင့် ရွေးချယ်ခဲ့ပါ
သည်။ စောင့်ကြည့်ကြီးကြပ်ရေးကော်မတီတွင် ဦးတင်အေး ၊ ဦးသောင်းယုံ
ဦးရှိန်မြင့် တို့ကို မဲစနစ်ဖြင့် ရွေးချယ်ပြီး ဦးတင်အေးကို ရွေးချယ်ပြီး ဦးသောင်း
ယုံ ၊ ဦးရှိန်မြင့် ၊ ဦးမြင့်မြေ တို့ကို မဲစနစ်ဖြင့် ရွေးချယ်ပြီး ဦးရှိန်မြင့် သည်
မဲအများဆုံးဖြစ်၍ ရွေးချယ်ခဲ့ပါသည်။ အမျိုးသမီးဘက်မှ လည်း ဒေါ်သန်းမြေ ၊
ဒေါ်ခင်မာဦး ၊ ဒေါ်သဲသဲနု တို့ကို မဲစနစ်ဖြင့် ရွေးချယ်ပြီး ဒေါ်သဲသဲနုမှ
မဲအများဆုံးဖြင့်၍ ရွေးချယ်ခဲ့ပါသည်။ လည်ပတ်ထိန်းသိမ်းရေးကော်မတီတွင်
ဦးအုံးဟန် ၊ ဦးမြင့်မြေ ၊ ဦးခင်မောင်တင် တို့ကို မဲစနစ်ဖြင့် ရွေးချယ်၍ ဦး
အုံးဟန်မှ မဲအများဆုံး ဖြစ်၍ ရွေးချယ်ခဲ့ပါသည်။ အမျိုးသမီးဘက်မှ
ဒေါ်စန်းနွဲ့ ၊ ဒေါ်စန်းမြေ ၊ ဒေါ်စန်းနိုင် တို့ကို မဲစနစ်ဖြင့် ရွေးချယ်၍ ဒေါ်စန်းနွဲ့
ကို ရွေးချယ်ပြီး ဒေါ်စန်းမြေ ၊ ဒေါ်စန်းနိုင် ၊ ဒေါ်ခင်မာဦး ကို မဲစနစ်ဖြင့်
ရွေးချယ်ပြီး ဒေါ်ခင်မာဦး ကို ~~အမာ~~ မဲအများဆုံးဖြင့် ရွေးချယ်ခဲ့ပါသည်။

ကျေးရွာငွေစာရင်းကို မဲစနစ်ဖြင့် ဒေါ်မြင့်နိုင် ၊ ဦးခင်ငွေ ၊ ဦးဖဲထွန်း တို့ကို
ရွေးချယ်ရာတွင် ဦးခင်ငွေ ကမဲအများဆုံးဖြစ်၍ ရွေးချယ်ခဲ့ပါသည်။ တဖန်
အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးကော်မတီတွင် ဦးသိန်းထွန်း ၊ ဦးသောင်းပုံ ၊
ဦးစံသောင်း ၊ ဦးအုံးဟန် ၊ ဦးတင် တို့ကို မဲစနစ်ဖြင့် ရွေးချယ်ရာတွင် ဦးစံသောင်း၊
ဦးသောင်းပုံ ကို မဲအများဆုံးဖြင့် ရွေးချယ်ခဲ့ပါသည်။ အမျိုးသမီးဘက်မှ ဒေါ်မြမြကြည်
ဒေါ်ရင်မာနိုး ၊ ဒေါ်မေသူ တို့ကို မဲစနစ်ဖြင့် ရွေးချယ်ရာတွင် ဒေါ်မြမြကြည်ကို
မဲအများဆုံးဖြင့် ရွေးချယ်ခဲ့ပါသည်။ ဆုပ်စုစီ ၊ ထောက်ကော်မတီ ကို ဦး
ခင်မောင်တင် ၊ ဦးခင်ငွေဆွေ ၊ ဦးမြ တို့ကို မဲစနစ်ဖြင့် ရွေးချယ် ဦးခင်မောင်တင်
ကို မဲအများဆုံးဖြင့် ရွေးချယ်ခဲ့ပါသည်။ ဘဏ္ဍာရေးဆပ်ကော်မတီ ငွေစာရင်းကိုင်
ကို ဒေါ်ခင်စန်းမော် ၊ ဒေါ်မေသူ ၊ ဒေါ်မာနိုး တို့ကို မဲစနစ်ဖြင့် ရွေးချယ်၍
ဒေါ်ခင်စန်းမော်ကို မဲအများဆုံးဖြင့် ရွေးချယ်ခဲ့ပါသည်။ ဘဏ္ဍာရေး အဖွဲ့
ဝင်ကို ဒေါ်ဝင်းဝင်းမော် ၊ ဒေါ်နု ၊ ဒေါ်သိန်း တို့ကို မဲစနစ်ဖြင့် ရွေးချယ်၍
ဒေါ်ဝင်းဝင်းမော် ကို မဲအများဆုံးရ၍ ရွေးချယ်ခဲ့ပါသည်။ ဆုပ်စုအဖွဲ့ဝင်များ
အဖြစ် ဦးထွန်းထွန်းဝင်း ၊ ဒေါ်ခင်မော် ၊ ဦးအောင်ကိုဝင်း ၊ ဦးမြ ၊ ဦးဝင်း ၊
ဦးမောင် ၊ ဒေါ်နှင်း ၊ ဒေါ်ဝင်း တို့ကို မဲစနစ်ဖြင့် ရွေးချယ်၍ ဦးထွန်းထွန်းဝင်း ၊
ဒေါ်ခင်မော် ၊ ဦးအောင်ကိုဝင်း တို့ကို မဲအများဆုံးဖြင့် ရွေးချယ်ခဲ့ပါသည်။

ဆုံးဖြတ်ချက်။ "ဒုတိယ အကြိမ်အစည်းအဝေးတွင် ကျေးရွာလူ
ထုသဘောဆန္ဒဖြင့် ကျေးရွာကော်မတီ အဖွဲ့ကိုရွေး
ချယ်ခဲ့ပါသည်။ ကော်မတီအားလုံး မဲစနစ်ဖြင့် ရွေးချယ်၍ အနိုင်ရသူကို
သာ ရွေးချယ်ခဲ့ပါသည်။ အစည်းအဝေးကို (၄:၀၀) နာရီတွင် ကျင်းပ၍
(၆) နာရီတွင်ပြီး ဆုံးသွားပါသည်။

မှတ်တမ်းတင်သူ

လက်မှတ် - Kaw

အမည် - ဦးကျော်မိုး

ရာထူး - စေတနာ့ဝန်ထမ်း

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကိုစစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊မြေပုံများပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ vennပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ।
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများအသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများမှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သောအဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများမှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ।
- PRAနှင့်သက်ဆိုင်သောအခြားစီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ।